မြန်မာဘာသာ
ミャンマー語

# ကျောင်းတက်ရောက်နိုင်ခွင့်လမ်းညွှန်

<စိစစ်တည်းဖြတ်ပြီး>

しゅうがくしえん
# 就学支援ガイドブック

かいていばん
# 〈改訂版〉

## Hyogo တိုင်း ပညာရေးဌာန

ひょうごけんきょういくいいんかい
## 兵庫県教育委員会

２０２４（R6）/3

# မာတိကာ


**၁ ဂျပန်နိုင်ငံပညာရေးနှင့်ပတ်သက်၍**

(၁) မူလတန်းကြို ပညာရေး .....၁(1)

(၂)မူလတန်း၊အလယ်တန်း ပညာရေး .....၁(1)

(၃)အထက်တန်းအဆင့်မြင့်ပညာရေး .....၁(1)

**၂ မူလတန်း၊အလယ်တန်းနှင့် ပတ်သက်၍**

(၁)မူလတန်း၊အလယ်တန်းဝင်ခွင့်၊ကြားဖြတ်သင်ယူခွင့် .....၂(2)

(၂)နိုင်ငံအတွင်းကျောင်းပြောင်းလဲခြင်း .....၃(3)

(၃)ပညာရေးအနှစ်သာရ .....၃(3)

(၄)အတန်းသစ်၊အတန်းတိုးမြင့်ခြင်း .....၅(5)

(၅)ပညာသင်ယူစရိတ် .....၅(5)

(၆)ကျောင်းတွင်းသတ်မှတ်စည်းကမ်း .....၅(5)

(၇)တစ်နှစ်တာ လှုပ်ရှားမှုအစီအစဉ် .....၁၀(10)

(၈)ကျောင်းတွင်းတနေ့တာ .....၁၂(12)

**၃ အထက်တန်းပညာရေး**

(၁)အထက်တန်းကျောင်းများ .....၁၄(14)

(၂)ဘာသာရပ် .....၁၅(15)

(၃)အထက်တန်း မတိုင်မီ .....၁၅(15)

(၄)ကျောင်းဝင်ခွင့်စာမေးပွဲမတိုင်မီ အစီအစဉ်များ .....၁၇(17)

(၅)အစိုးရအထက်တန်းကျောင်းဝင်ခွင့်စာမေးပွဲ .....၁၇(17)

(၆)ဂျပန်ဘာသာသင်ကြားထောက်ပံ့မှုလိုအပ်သောနိုင်ငံရပ်ခြားကျောင်းသားများအတွက်အထူးစီစဉ်ချက်များ .....၁၉(19)

(၇)နိုင်ငံရပ်ခြားကျောင်းသားများအတွက်အထူးဝင်ခွင့် .....၁၉(19)

(၈)ပုဂ္ဂလိကအထက်တန်းကျောင်းဝင်ခွင့်စာမေးပွဲ .....၁၉(19)

**၄ ပညာတော်သင်ထောက်ပံ့မှုစနစ်** .....၂၀(20)

**၅ အလုပ်ရှာဖွေမှု** .....၂၃(23)

**၆ Hyogo တိုင်းအတွင်းအထူးဆွေးနွေးနိုင်သောနေရာများ** .....၂၅(25)

# 目　次


**１　日本の学校制度について**

（１）就学前教育 ..... 1

（２）初等中等教育 ..... 1

（３）高等教育 ..... 1

**２　小学校・中学校について**

（１）小・中学校に入学または編入するための手続き ..... 2

（２）国内で転校する時の手続き ..... 3

（３）教育内容 ..... 3

（４）進級・進学 ..... 5

（５）教育費 ..... 5

（６）学校でのきまり ..... 5

（７）主な年間行事 ..... 10

（８）学校の一日 ..... 12

**３　高等学校について**

（１）高等学校の種類 ..... 14

（２）どんな学科があるか ..... 15

（３）高校に入るまでに ..... 15

（４）入学試験までの主な日程 ..... 17

（５）公立高校の入学試験 ..... 17

（６）日本語指導が必要な外国人生徒への特別措置 ..... 19

（７）外国人生徒にかかる特別枠選抜 ..... 19

（８）私立高校の入学試験 ..... 19

**４　奨学金制度について** ..... 20

**５　就職について** ..... 23

**６　県内の主な相談先について** ..... 25

**၁ .ဂျပန်နိုင်ငံပညာရေးစနစ်**

**(၁) မူလတန်းကြို ပညာရေး**

မူလတန်းကျောင်းသို့ မတက်ရောက်သေးသော ကလေးငယ်များသည်မူကြို(သို့)နေ့ကလေးထိန်းကျောင်း၊အသိအမှတ်ပြုမူကြို ကလေးထိန်းကျောင်း များတွင် သင်ကြား လေ့လာခွင့် ရရှိပါမည်။အချိန်ကာလမှာ မြို့နယ်၊ရပ်ကွက်၊ကျောင်းအလိုက်ကွာခြားမှုရှိပါသည်။

**(၂) မူလတန်း၊အလယ်တန်း ပညာရေး**

အသက်၆နှစ်ပြည့်ပြီးသောကလေးငယ်များသည်ဧပြီလကျောင်းစဖွင့်ချိန်၌မူလတန်းသို့စတင်တက်ရောက်နိုင်ပါသည်။
မူလတန်းကာလမှာ၆နှစ်ဖြစ်ပါသည်။မူလတန်းပြီးဆုံးပါကအလယ်တန်းသို့၃နှစ်တာတက်ရောက်ရပါမည်။
ထိုဓနှစ်တာကာလသည်မသင်မနေရပညာရေးစနစ်ဖြစ်ပါသောကြောင့်ဂျပန်လူမျိုးများသည် မိမိတို့၏သားသမီးများအား ၎င်းဓနှစ်တာ ကာလ တွင်မဖြစ်မနေ ကျောင်းပညာရေးကို သင်ယူစေပါသည်။
ဂျပန်နိုင်ငံ၏မူလတန်း၊အလယ်တန်းပညာရေးစနစ်တွင်သက်တူရွယ်တူကလေးများအားလုံးတူညီသောပညာရေးစနစ်ကို ရယူစေပါသည်။
၎င်းမသင်မနေရပညာရေးစနစ်ဓနှစ်တာပြီးဆုံး၍အထက်တန်းဝင်ခွင့်စာမေးပွဲအောင်မြင်ပါက၊အထက်တန်း(သို့)အသက်မွေးပညာကျောင်း များသို့တက်ရောက်ပညာဆည်းပူးနိုင်ပါသည်။အထက်တန်းကျောင်းများ၌ပုံမှန်သင်ကြားမှု(သို့)သက်မွေးပညာရပ်အထူးပြုဘာသာများ၊ ၎င်းအပြင်၂မျိုးစလုံးကိုတွဲဖက်လေ့လာနိုင်သောဘာသာရပ်များရှိပါသည်။ပုံမှန်အားဖြင့်၃နှစ်တာပညာဆည်းပူး နိုင်ပါသည်။
မသန်မစွမ်းကလေးများအတွက်အထူးပြုစုသင်ကြားရေးကျောင်းများ၊အထူးပြုစုသင်ကြားမှုကိုတွဲဖက်ခံယူနိုင်သောမူလတန်း၊ အလယ်တန်း ကျောင်းများရှိပါသည်။မသန်စွမ်းမှုအခြေအနေပေါ်မူတည်၍သင်ကြားပေးပါသည်။

**(၃)အထက်တန်း အဆင့်မြင့်ပညာရေး**

အထက်တန်းအဆင့်မြင့်ပညာရေးသည်အဓိကအားဖြင့်တက္ကသိုလ်နှင့်ကောလိပ်အဖြစ်ခွဲခြားပါသည်။အသက်မွေးဝမ်းကျောင်း အတွက်အဓိကဘာသာရပ်ကိုခွဲခြားကာပုံမှန်အားဖြင့်တက္ကသိုလ်ပညာသင်နှစ်၄နှစ်၊ကောလိပ်ပညာသင်နှစ်၂နှစ်ဖြစ်ပါသည်။
၎င်းအပြင်ဘွဲ့လွန်ပညာဆည်းပူးလိုပါကဆက်လက်တက်ရောက်နိုင်ပါသည်။

| ဝနှစ် | ၃နှစ် | ၆နှစ် | ၁၂နှစ် | ၁၅နှစ် | ၁၈နှစ် | ၂၀နှစ် | ၂၂နှစ် |
|---|---|---|---|---|---|---|---|
| နေ့ကလေးထိန်းကျောင်း | မူကြိုကျောင်း | မသင်မနေရပညာရေး | | အထက်တန်းကျောင်း | တက္ကသိုလ် | | ဘွဲ့လွန် |
| | | မူလတန်းကျောင်း | အလယ်တန်းကျောင်း | | ကောလိပ် | | |
| | | | | အသက်မွေးဝမ်းကျောင်း | | | |
| အသိအမှတ်ပြုမူကြိုကလေးထိန်းကျောင်း | | | အလယ်တန်း၊အထက်တန်းကျောင်း | | | | |
| **မူလတန်းကြို ပညာရေး** | | **မူလတန်း၊အလယ်တန်း ပညာရေး** | | | **အထက်တန်း အဆင့်မြင့်ပညာရေး** | | |

## 1　日本の学校制度について

### (1) 就学前教育

小学校に入学する前の小さい子どもたちは、幼稚園や保育所（園）、認定こども園で教育・保育を受けます。教育・保育を受ける期間は、市町や幼稚園・保育所(園)、認定こども園によって違います。

### (2) 初等中等教育

小学校は満６歳になった最初の４月から入学することができます。ここで６年間の教育を受けます。小学校を卒業すると中学校に入学し、３年間の教育を受けます。また、小学校と中学校の教育を続けて受ける義務教育学校もあります。この９年間を義務教育といい、日本人は自分の子どもを必ず学校に入学させなければなりません。

日本の小学校・中学校は、国の制度によって、同じ学年の子どもたちは同じ教育を受けると決められています。


小学校、中学校での義務教育を終え、入学試験などに合格すれば、高等学校、各種専門学校に入学することができます。高等学校には、普通教育または専門教育を主とする学科、また普通教育と専門教育を総合的に学ぶことのできる学科があります。通常、３年間の高等学校教育を受けることができます。

また、障害のある子どものための特別支援学校や、特別支援学級がある小学校、中学校もあります。障害の状況やニーズに応じた教育が行われています。

### (3) 高等教育

高等教育は、主として大学と短期大学で行われます。これらは高度で専門的な教育を行う機関で、通常、大学の学習期間は４年間、短期大学は２年間です。さらに、より高度な高等教育を行う機関として大学院があります。

**(学校の種類)**



## ၂ မူလတန်း၊အလယ်တန်းနှင့် ပတ်သက်၍

**(၁)မူလတန်း၊အလယ်တန်းသို့ကျောင်းဝင်ရောက်ခွင့်လုပ်ဆောင်ချက်အဆင့်ဆင့်(ဥပမာ)**

*** မြို့နယ်၊ရပ်ကွက်အလိုက် လုပ်ဆောင်ချက်အသီးသီး ကွာခြားပါသည်။နေထိုင်နေသည့် မြို့နယ်၊ရပ်ကွက်ရှိ မြို့နယ်ရုံး၊ရပ်ကွက်ရုံးတွင် စုံစမ်းမေးမြန်းပါရန်။ (Kobeမြို့သည် Kuyakusho အုပ်ချုပ်ရေးရုံးတွင်စုံစမ်းပါရန်)

**က)မြို့နယ်၊ရပ်ကွက်ရုံးတွင်ဆောင်ရွက်မှုအဆင့်ဆင့်များ**

ပထမအနေဖြင့်သင်၏နေထိုင်ခွင့်ကဒ်ပြားကိုနေထိုင်ရာရပ်ကွက်(သို့)မြို့နယ်ရုံးသို့ယူဆောင်ကာနေထိုင်ကြောင်းထောက်ခံစာရယူပါရန်။ ဆက်လက်၍မြို့နယ်၊ရပ်ကွက်ပညာရေးရုံး၌မိမိ၏သားသမီးအားဂျပန်နိုင်ငံ၏ကျောင်းများတွင်ပညာသင်ယူလိုကြောင်းပြောကြားပါက နိုင်ငံခြားသားကလေးများ ကြားဖြတ်ကျောင်းတက်ရောက်ခွင့်ပုံစံ(သို့) ကျောင်းဝင်ခွင့်ပုံစံ [ဂျပန်နိုင်ငံကျောင်းသားများနည်းတူအသစ်တက်ရောက်ခွင့်ပုံစံ]ကိုရရှိပါမည်။ လိုအပ်သည့်အချက်အလက်ဖောင်ဖြည့်စွက်ပါရန်။ ရက်အနည်းငယ်ကြာပြီးနောက်သင်၏သားသမီးကတက်ရောက်ခွင့်ရရှိမည့်ကျောင်းအမည်ပါဝင်သောကျောင်းဝင်ခွင့်ရရှိသောခွင့်ပြုလွှာကို ပညာရေးရုံးမှပေးပို့လာပါမည်။(လျှောက်လွှာလျှောက်ထားသည့်အချိန်၌ချက်ချင်းထုတ်ပေးသည့်အခါများလည်း ရှိတတ်ပါသည်) ကျောင်းအမည်နှင့်လိပ်စာ၊နေရာကိုကြိုတင်စုံစမ်းလေ့လာထားပါရန်။

> နေထိုင်ကြောင်းစိစစ်ထောက်ခံမှုစနစ်(၉.၇.၂၀၁၂)အရ နေထိုင်ခွင့်ကာလ ၃လအောက်နှင့် နေထိုင်ခွင့်လက်မှတ်မရှိသူများအား နေထိုင်ကြောင်းလက်မှတ်မထုတ်ပေးနိုင်ပါသဖြင့် အထောက်အထားမပြသနိုင်ပါ။ သို့သော် ကလေးများအားလုံး ပညာသင်ယူ ခံစားခွင့်ရှိပါသဖြင့် ယုံကြည်လက်ခံနိုင်သော နေထိုင်ကြောင်း အထောက်အထားများ ရှိခဲ့ပါက လျှောပေါ့စဉ်းစား လက်ခံနိုင်ခြေ ရှိပါသည်။ ပညာရေး၀န်ကြီးဌါန၊အခြေခံပညာမူလတန်းအလယ်တန်းပညာရေးမှူး ထုတ်ပြန်ချက်(၂၀၀၆ခုနှစ်ဇွန်လ/၂၀၁၂ခုနှစ်ဇူလိုင်လ)

**ခ) ကျောင်းတွင်းဆောင်ရွက်မှုအဆင့်ဆင့်များ**

ကျောင်းတက်ရောက်မည့်သားသမီးနှင့်အတူမိဘများကအထက်ပါကျောင်းဝင်ခွင့်ရရှိသည့်ခွင့်ပြုချက်လက်မှတ်ကိုတက်ရောက်မည့်ကျောင်းသို့ယူဆောင်သွားပါရန်။ကျောင်းတက်ရောက်ခွင့်ရသည့်နောက်ပိုင်းကျောင်းတွင်းနေထိုင်မှုအစစနှင့်ပတ်သက်၍ ဆရာ၊ဆရာမများနှင့်ဆွေးနွေးတိုင်ပင်ပါ။အခြေခံအားဖြင့် ဂျပန်နိုင်ရှိကျောင်းသူကျောင်းသားများနည်းတူ ခံစားသင်ယူမှု ရရှိပါမည်။ ဂျပန်နိုင်ငံပညာရေးစနစ်အရအသက်နှင့်လိုက်၍ပညာသင်နှစ်ကိုခွဲခြားပါသည်။(နှစ်တစ်နှစ်၏ဧပြီလ၂ရက်နေ့မှနောက်နှစ်ဧပြီလ၁ရက်နေ့ မွေးဖွားသူများကိုတူညီသောပညာသင်နှစ်တွင်သင်ကြားစေပါသည်)ထို့ကြောင့်နိုင်ငံခြားသားကလေးများသည်လည်း စည်းမျဉ်းအရ အသက်အလိုက်ပညာသင်နှစ်ကိုဆုံးဖြတ်ပါသောကြောင့်မိခင်နိုင်ငံတွင်တက်ရောက်ခဲ့သောပညာသင်နှစ်နှင့်ခြားနားမှုရှိကောင်းရှိနိုင်ပါသည်။ သို့သော်တက်ရောက်သင်ယူမည့်ကျောင်းသား၏ဘာသာစကားလိုအပ်ချက်ပေါ်မူတည်၍ ပညာသင်နှစ်ကို နောက်ဆုတ်ဆုံးဖြတ်ခြင်းများရှိနိုင်ပါသည်။

နေထိုင်သည့်မြို့နယ်၊ရပ်ကွက်ပေါ်မူတည်၍သတ်မှတ်ထားသောကျောင်းများအပြင်ဂျပန်ဘာသာစကားလိုအပ်ချက်နှင့်ဆီလျော်အောင်သင်ကြားပို့ချပေးသောကျောင်းများသို့တက်ရောက်နိုင်အောင်စီစဉ်ပေးပါသည်။၎င်းအပြင်ကိုယ်ပိုင်းဆိုင်ရာ၊စိတ်ပိုင်းဆိုင်ရာမပြည့်စုံ၊ ချွတ်ယွင်းချက်ရှိသောကလေးများအတွက်သီးသန့်စီစဉ်ပေးသောကျောင်းများ(အတန်းများ)သို့ဝင်ရောက်နိုင်ပါသည်။ ထိုအချက်များနှင့်ပတ်သက်၍သက်ဆိုင်ရာပညာရေးဌာနနှင့်သေသေချာချာဆွေးနွေးတိုင်ပင်ပါရန်။

## 2　小学校・中学校について

### (1) 小・中学校に入学または編入するための手続き（例）

**※ 手続きの手順や書類の流れは市や町で違うことがあります。お住まいの地域の市役所（神戸市は区役所）か町役場で、手続き方法を確かめてください。**

#### ア　役所での手続き

初めに、あなたがお住まいの地域の市役所（神戸市は区役所）か町役場に在留カードを持って行き、住居地の届出を行います。

続いて、教育委員会の窓口に行き、自分の子どもを日本の学校へ入れたいことをはっきり伝えると、「外国人児童生徒入学申請書」か「就学案内」（新入学の場合のみ）が渡されます。これに、必要なことがらを書いて教育委員会に提出します。

数日後、教育委員会から、あなたの子どもが通う学校名が書かれた「外国人児童生徒入学許可書」が郵送されてきます(初めに役所に行った時、その場で受け取れる場合もあります)ので、学校の名前や場所を確かめてください。

在留管理制度（2012．7．9導入）により、「3月」以下の在留期間が決定された人や、在留資格を有しない人には、「在留カード」が交付されないため、身分を証明するものがありません。

子どもが教育を受ける権利は保障されていますので、一定の信頼が得られる書類により居住地等の確認を行うなど、就学については柔軟な対応が必要となります。

（文部科学省初等中等教育局長通知　2006．6、H24．7）

#### イ　学校での手続き

次に「外国人児童生徒入学許可書」を持って、子どもと一緒に学校へ行きます。そこで先生と今後の学校生活について話し合ってください。外国人の子どもが日本の学校教育を受ける場合、基本的には、日本の子どもと同じ扱いになります。

日本の学校では、年齢により学年が決められます（4月2日から翌年の4月1日までに生まれた人は、同じ学年になります)。そのため、外国人の場合も、原則として子どもの年齢にあわせた学年に編入されますので、母国の学校の学年とは同じにならない場合があります。

ただし、日本語指導が必要であるなどの事情で、すぐにその学年で教育を受けることが適当でないと判断された場合は、下の学年に編入されることもあります。

そのほか、市町によっては、決められた学校ではなく、日本語の指導が十分に受けられる学校に通うことができる場合もあります。また、障害がある場合は、特別支援学校（学級）に入り、子どもの実態にあった支援を受けることができます。これらについては、今、お住まいの地域にある教育委員会とよく相談をしてください。

**ဂ)ကျောင်းအပ်ရာတွင်ကျောင်းခွဲလိုအပ်သည့်အချက်အလက်များ**

တက်ရောက်မည့်ကျောင်းသို့ သွားရောက်လျှောက်ထားသည့်အခါတွင် မိခင်နိုင်ငံတွင်တက်ရောက်ခဲ့သော ကျောင်းမှ ရရှိခဲ့သည့် စာရွက်စာတမ်းများ(ကျောင်းထောက်ခံစာ၊အမှတ်စာရင်းစသည်များ)ကိုယူဆောင်သွားပါရန်။

တက်ရောက်မည့်ကျောင်းဘက်မှလည်းကျောင်းအတွင်းနေ့စဉ်နေထိုင်လှုပ်ရှားမှုများအတွက် အခြေခံကြသော၊ အရေးပါသောကိစ္စများကို ဆွေးနွေးပေးပါမည်။

| |
|---|
| ကျောင်းသားနှင့်မိသားစုအမည်၊မွေးသက္ကရာဇ်၊လက်ရှိနေရပ်လိပ်စာ၊မိသားစုဝင်စာရင်း၊ကျောင်းအတက်အဆင်းအတွက်အသုံးပြုမည့်နည်းလမ်း၊ဆက်သွယ်နိုင်သည့်လိပ်စာ၊ဖုံးနံပါတ်(အရေးပေါ်ကိစ္စများရှိသည့်အခါဆက်သွယ်ရန်၊စကားပြန်စသဖြင့်)၊ကျောင်းသားနှင့်မိသားစုဝင်များ၏ဂျပန်ဘာသာစကားအခြေအနေ၊လက်ရှိအခြေအနေအထိသင်ယူခဲ့သောပညာရေးအခြေအနေ၊ဂျပန်နိုင်ငံတွင်နေထိုင်မည့်ကာလ၊အမိနိုင်ငံတွင်တက်ရောက်ခဲ့သောအတန်းပညာ(ပညာသင်နှစ်)၊ကျန်းမာရေးအခြေအနေ(ဆေးမှတ်တမ်း၊မျက်စိအမြင်၊ နားအကြား၊ နာတာရှည်ရောဂါ၊စားသောက်နေထိုင်မှု၊ဓာတ်မတည့်ရောဂါစသည်များ:) |

**(၂)ဂျပန်နိုင်ငံအတွင်းကျောင်းပြောင်းသည့်အခါ**

ဂျပန်နိုင်ငံအတွင်းနေရာအပြောင်းအရွှေ့ကြောင့်ကျောင်းပြောင်းသည့်အခါလက်ရှိတက်ရောက်နေသောကျောင်းသို့ကျောင်းပြောင်းခွင့်လျှောက်လွှာ(ပညာရေးဌာနအလိုက်အခေါ်အဝေါ် ခြားနားပါသည်)လျှောက်ထားကာ**(၁/ကျောင်းတက်ရောက်ထားသည့်ထောက်ခံချက်၊ ၂/သင်ရိုးညွှန်းတမ်းများရယူခွင့်ထောက်ခံချက်)**ကိုထုတ်ယူပါ။စာသင်သား၏ပညာရေးအချက်အလက်များမှာလက်ရှိသင်ယူခဲ့သောကျောင်းမှအသစ်ပြောင်းရွှေ့မည့်ကျောင်းသို့တိုက်ရိုက်ပေးပို့မည်ဖြစ်ပါသည်။

ပထမဦးစွာပြောင်းရွှေ့သည့်နေရာသစ်တွင်ရှိသောမြို့နယ်၊ရပ်ကွက်ရုံး၌နေထိုင်ကြောင်းလျှောက်ထားခြင်းနှင့်အတူ၊ (ကျောင်းရွှေ့ပြောင်းခွင့်)(သို့)(ကျောင်းဝင်ခွင့်)စာရွက်ရယူကာ၊ပထမကျောင်းမှရရှိခဲ့သောအထက်တွင်ဖော်ပြထားသော**၁/နှင့်၂/**ကိုလည်းပူးတွဲယူဆောင်၍ အသစ်တက်ရောက်မည့်ကျောင်းသို့သွားရောက်ပါ။

ဂျပန်နိုင်ငံ၏မြို့နယ်၊ရပ်ကွက်၊ကျေးရွာစသည့်မည်သည့်နေရာတွင်မဆိုရှိသောပညာရေးဌာနများ၊ကျောင်းများသည်တနေရာနှင့်တနေရာတိကျမှန်ကန်သောဆက်သွယ်မှုအမြဲမပြတ်ရှိနေပါသောကြောင့်၊၎င်းနေရာများသို့သွားရောက်၍ကြိုတင်ဆွေးနွေးရန်မဖြစ်မနေလိုအပ်ပါသည်။

**(၃)သင်ကြားမှုအနှစ်သာရ**

**က)သင်ရိုးညွှန်းတမ်း**

ကျောင်းသင်ရိုးနှင့်ပတ်သက်၍ပညာရေးယဉ်ကျေးမှုအားကစား၊နည်းပညာနှင့်သိပ္ပံဝန်ကြီးဌာန၏သင်ကြားမှုလက်ဆွဲအကျဉ်းချုပ်ပေါ်မူတည်၍ဆုံးဖြတ်ပါသည်။

၎င်းအပေါ်အခြေခံ၍ကျောင်းပညာရေးလှုပ်ရှားမှုများသည် (၁)အခြေခံဘာသာရပ် (၂)ကိုယ်ကျင့်တရားဆိုင်ရာ (၃)အထူးပြုလှုပ်ရှားဆောင်ရွက်မှု (၄)အထွေထွေလေ့လာမှုများ စသည်ဖြင့် ဖွဲ့စည်းထားပါသည်။

အခြေခံဘာသာရပ်

မူလတန်းတွင်နိုင်ငံသုံးဘာသာ(ဂျပန်ဘာသာ)/လူမှုရေး/သခ်ၤာ/သိပ္ပံ/သက်မွေးပညာ/ဂီတ/လက်မှုပညာ/အိမ်တွင်းမှုပညာ/အားကစားနိုင်ငံခြားဘာသာရပ်စသည်ဖြင့်လေ့လာသင်ယူခွင့်ရပါမည်။

အလယ်တန်းတွင်နိုင်ငံသုံးဘာသာ(ဂျပန်ဘာသာ)/လူမှုရေး/သခ်ၤာ/သိပ္ပံ/ဂီတ/အနုပညာ/ကျန်းမာရေး/အားကစား/နည်းပညာ/အိမ်တွင်းမှုပညာ/နိုင်ငံခြားဘာသာစသဖြင့်လေ့လာသင်ယူခွင့်ရပါမည်။

### ウ　学校での手続きに必要な事項

指定された学校に行く時、母国でもらった学校関係の書類(在籍証明書や成績証明書など)があれば、それらを持って行ってください。

学校では、学校生活を有意義なものにするために、次のようなことについて話し合います。

- 本人と家族の名前　・生年月日　・現住所　・家族構成　・登下校の方法
- 連絡方法（緊急時・連絡先・通訳等）　・本人と家族の日本語使用の様子
- これまでに受けた教育　・在留予定期間　・母国での学年（就学年数）
- 健康状態（既往歴、視力、聴力、持病、食習慣、アレルギーなど）

## (2)　国内で転校する時の手続き

日本国内で引越し等により、学校を変わる場合、現在通学している学校に「転学届（教育委員会により名称や扱い方に違いがあります)を提出し、「在学証明書」、「教科用図書給与証明書」を発行してもらいます。なお、子どもの学習の状況などを記録した書類は、現在の学校から次の学校へ直接届けられます。

引越先では、まず市区町村役場に行って「住民登録」をするとともに、転入学する学校への「転入学通知書」（または「入学許可書」)をもらってから、学校へ行ってください。その時、前にいた学校で受け取った「在学証明書」、「教科用図書給与証明書」を提出してください。

日本の市区町村教育委員会や学校は、他の市区町村との連絡を正確に行っています。転校する時は、必ず市区町村教育委員会か学校に前もって相談しなければなりません。

## (3) 教育内容

### ア　教育課程（カリキュラム）

学校で学習する内容については、文部科学省が作成する学習指導要領で決められています。それを基準に学校の教育活動は、①教科②道徳③特別活動④総合的な学習の時間によって編成されています。

**教　科**

小学校では、国語（日本語)、社会、算数、理科、生活、音楽、図画工作、家庭、体育、外国語について学習します。中学校では、国語（日本語)、社会、数学、理科、音楽、美術、保健体育、技術・家庭、外国語などについて学習します。

ကိုယ်ကျင့်တရားဆိုင်ရာ

လူတစ်ဦးတစ်ယောက်အနေဖြင့်မှန်ကန်သောအပြုအမူ၊စိတ်နေစိတ်ထားဖြင့်အသက်ရှင်နေထိုင်နိုင်ရန်၊မိမိကိုယ်တိုင်နှင့်ပတ်ဝန်းကျင်အတွက်ပါ အမြဲစဉ်းစားတွေးတောကြဆတတ်သောလေ့ကျင့်မှု

နိုင်ငံရပ်ခြားဘာသာစကားလေ့လာလှုပ်ရှားမှု

မူလတန်းခုတန်းနှင့်၄တန်းကိုအဓိကထားကာ၊တစ်နှစ်တာစာသင်ချိန်၃၅နာရီသတ်မှတ်၍လေ့လာသင်ယူပါသည်။ဘာသာစကားဖြင့်အခြေခံယဉ်ကျေးမှုများကိုလေ့လာရင်းပူးပေါင်းဖလှယ်မှုခိုင်မာစေရန်လေ့ကျင့်ပျိုးထောင်ပါသည်။

အထူးပြုလှုပ်ရှားဆောင်ရွက်မှု

စာသင်နှစ်အလိုက်အပြန်အလှန်နှီးနှောဖလှယ်ကာ၊ကျောင်းအားကစားပွဲတော်နှင့်ဂီတပွဲတော်များမှတဆင့်တစ်ဦးချင်းစီ၏အရည်အသွေးစွမ်းဆောင်မှုများကိုဆထက်တိုး၍မြှင့်တင်ကာပူးပေါင်းဖလှယ်လိုစိတ်ကိုသင်ကြားပို့ချပါသည်။

အထွေထွေလေ့လာမှုများ

သဘာဝပတ်ဝန်းကျင်လေ့လာရေး၊စေတနာ့ဝန်ထမ်းလှုပ်ရှားမှု၊စက်ရုံအလုပ်ရုံ၊ကုန်စည်ထုတ်လုပ်မှုလေ့လာရေးစသည့်အတွေ့အကြုံများသင်ယူခြင်းအားဖြင့်၊ ကိုယ်ပိုင်စဉ်းစားဉာဏ်ဖြင့်ပြဿနာများကိုဖြေရှင်းနိုင်ခြင်း၊မိမိတို့၏ခံယူချက်ကိုပြောဆိုဆွေးနွေးတတ်ခြင်းစသည့်အရည်အသွေးများကိုမွေးဖွားစေသည့်သင်ကြားမှုအချိန်ဖြစ်ပါသည်။

**ခ)တခြားပညာရေးလှုပ်ရှားမှုများ**

သန့်ရှင်းရေးအချိန်

နေ့စဉ်သတ်မှတ်ထားသောအချိန်ကာလ၌စာသင်သားများနှင့်ဆရာများပူးပေါင်းကာ ကျောင်းသန့်ရှင်းရေး လုပ်ကြရပါသည်။ ဂျပန်နိုင်ငံ၏ကျောင်းများတွင်ကျောင်းသန့်ရှင်းရေးအချိန်သည်လည်းအဓိကကျသော လှုပ်ရှားမှုတစ်ခုဖြစ်ပါသည်။

ကျောင်းနေ့လည်စာ

ကျောင်းအများစုသည်တနလာ်နေ့မှသောကြာနေ့အထိကျောင်းနေ့လည်စာကျွေးပါသည်။ကျောင်းနေ့လည်စာဆိုသည်မှာစာသင်ကျောင်းပရိဝုဏ်များစသည့်သတ်မှတ်ထားသောနေရာတွင်ချက်ပြုတ်စီစဉ်ပေးသောအစားအစာများကိုကျောင်းနေ့လည်စာအဖြစ်အတန်းဖော်များနှင့်စားသောက်ရသောနေ့လည်စာဖြစ်ပါသည်။ကျောင်းနေ့လည်စာပြင်ဆင်မှု၊သိမ်းဆည်းမှုများကိုစာသင်သားအားလုံးက အလှည့်ကြ တာဝန်ယူကြရပါသည်။သို့သော် သက်ဆိုင်ရာအခမ်းအနား၊ လှုပ်ရှားဆောင်ရွက်မှုများရှိသည့်အခါမျိုးသော်၎င်း၊ကျောင်းနေ့လည်စာ စီစဉ်ပေးမှုမရှိသောမြို့နယ်ကျေးရွာများမှကျောင်းများသည်မိမိတို့၏နေအိမ်မှနေ့လည်စာထမင်းဘူးယူဆောင်လာရန်လိုအပ်ပါသည်။

ကျောင်းအခမ်းအနား၊လှုပ်ရှားဆောင်ရွက်မှုများ

စာသင်နှစ်တစ်နှစ်တာအတွင်းကျောင်းအခမ်းအနား၊လှုပ်ရှားဆောင်ရွက်မှုများအမျိုးမျိုးရှိပါသည်။

မိဘအုပ်ထိန်းသူများအားပြသပေးသောလှုပ်ရှားဆောင်ရွက်မှုများလည်းရှိပါသောကြောင့်၎င်းအခါများတွင်တတ်နိုင်သ၍မပျက်မကွက်ကျောင်းသို့လာရောက်ကြည့်ရှုပါရန်။

ကျောင်းဖွင့်ပွဲ၊ကျောင်းဆင်းပွဲအခမ်းအနား၊တစ်နှစ်တာအတွင်းစာသင်ကာလ၃ကြိမ်အတွက်စတင်သည့်နေ့၊ပြီးဆုံးသည့်နေ့များ လည်းကျင်းပပါသည်။

**道　徳**

人としてよりよく生きようとする心や態度を育てるために、自分について考え、人間としてのあり方や生き方の自覚を深めていく時間です。

**外国語活動**

小学校３、４年生を対象に、年間35時間学習します。外国語を通じ、言語や文化について理解を深め、積極的にコミュニケーションしようとする態度などを身につける時間です。

**特別活動**

学級での話し合い、運動会や音楽会などの活動を通して、一人一人のよさや可能性を伸ばしたり、友だちと協力してよりよい生活を築こうとする態度を身につける時間です。

**総合的な学習の時間**

自然体験やボランティア活動、生産活動などの体験的な学習を取り入れて、問題を解決する力や学び方、ものの考え方を身につけるとともに、自分の生き方を考える時間です。

### イ　その他の教育活動

**清　掃**

毎日、学校で決められた時間帯に、児童生徒と先生が一緒になって、清掃をします。日本の学校では、清掃も大切な教育活動のひとつです。

**給　食**

月曜日から金曜日まで、多くの学校では給食があります。給食とは、学校などの施設で作った食事を昼食として学級のみんなで食べることです。給食の準備や後片付けは、子どもたちが交代で行います。ただし、行事の都合等で給食がないときや給食を実施していない市町の学校では、家から弁当を持っていく必要があります。

**行　事**

学校では、１年の間にいろいろな行事を行います。保護者にみてもらう行事もありますので、できるだけ学校に行きましょう。

入学式や卒業式、各学期に始業式や終業式などの行事もあります。

**(၄)စာသင်နှစ်အသစ်(အတန်းသစ်/အတန်းမြင့်)တက်ရောက်ခြင်း**

ဂျပန်နိုင်ငံ၏မသင်မနေရပညာရေးစနစ်ကာလအတွင်းအတန်းကျော်တက်ရောက်ခွင့်မရှိပါ။ကျောင်းစတင်တက်ရောက်သည့်အချိန်(သို့)ကြားဖြတ် ပညာသင်ခွင့်စရသည့်အချိန်မှစ၍နှစ်စဉ်အတန်းစဉ်အလိုက်သာစာသင်နှစ်တိုးမြင့်တက်ရောက်ခွင့်ရှိပါသည်။

ထို့အပြင်ကျန်းမာရေးအခြေအနေအရကာလရှည်စွာအနားယူခွင့်ပြုချက်၊အထူးခွင့်ပြုချက်ရှိထားသူများမှအပ၊စာသင်နှစ်အသစ်ပြောင်းလဲသည့်ကာလတွင်၊နဂိုတက်ရောက်နေသောစာသင်နှစ်အတိုင်းအတန်းမမြှင့်ပဲဆက်လက်၍တက်ရောက်ခွင့်မျိုးလည်းမရှိပါ။

မသင်မနေရပညာရေးကာလပြီးဆုံးပြီးနောက်အထက်တန်းကျောင်းသို့ဆက်လက်ပညာဆည်းပူးနိုင်ရန်ပုံမှန်အားဖြင့်ကျောင်းဝင်ခွင့်စာမေးပွဲဖြေဆိုရန်လိုအပ်ပါသည်။

**(၅)ပညာသင်ကြားစရိတ်**

သင်ရိုးညွှန်းတမ်းဖတ်စာအုပ်များကိုအခမဲ့ဝေငှသော်လည်းအောက်ပါအချက်များနှင့်ပတ်သက်၍ကျသင့်ငွေများကိုပေးချေရန်လိုအပ်ပါသည်

က)သုံးစွဲပစ္စည်းစရိတ်.....စာမေးပွဲမေးခွန်းလွှာများအပါအဝင်စာသင်ကြားမှုအထောက်အကူပြုပစ္စည်းများဝယ်ယူစရိတ်

ခ)ကျောင်းနေ့လည်စာ.....ကျောင်းနေ့လည်စာကျွေးမွေးသောကျောင်းများဖြစ်ပါက

ဂ)ကျောင်းပြင်ပလေ့လာရေးခရီးစရိတ်.....ဘတ်စကားစသည်

ဃ)မိဘဆရာအသင်းကြေး.....မိဘဆရာအသင်းကြေးသည်ကျောင်းရုံပုံငွေအဖြစ်သုံးစွဲခြင်းနှင့်တာဝန်ကျမိဘများက၊ စာသင်သားများအတွက် ပညာပေးလေ့လာရေးလှုပ်ရှားမှုများတွင်သုံးစွဲပါသည်။

အထက်ပါစရိတ်များကိုငွေသားဖြင့်သော်၎င်း၊ကျောင်းမှသတ်မှတ်ထားသောဘဏ်သို့ငင်းပေးသွင်းရမည်ဖြစ်ပါသောကြောင့်အသေးစိတ်အချက်အလက်များကိုကျောင်းမှအကြောင်းကြားမည်ဖြစ်ပါသည်။

**(၆)ကျောင်း၏သတ်မှတ်ချက်များ**

ကျောင်းတွင်းပညာသင်ကြားရာတွင်ကိုယ်လက်ကျန်းမာစွာဖြင့်လုံခြုံစိတ်ချစွာအဖွဲ့အစည်းများဖြင့်စုပေါင်းလှုပ်ရှားမှုပြုနိုင်စေရန်သတ်မှတ်စည်းကမ်းများရှိပါသည်။

ဂျပန်နိုင်ငံ၏ကျောင်းပညာရေးတွင်လျှင်မြန်စွာကျင့်သားရရှိစေပြီးကျန်းမာပျော်ရွှင်စွာပညာသင်ကြားနိုင်ရန်ကြိုးစားအားထုတ်စေချင်ပါသည်။

မသိနားမလည်မှုများရှိခဲ့ ပါကဆရာ၊ဆရာမများနှင့်သူငယ်ချင်းများကိုအစစအရာရာ မေးမြန်းပါရန်။

**က)ကျောင်းတက်ကျောင်းဆင်းချိန်နှင့်အိမ်မှကျောင်းသို့အသုံးပြုသည့်ခရီးလမ်းကြောင်း**

၁)ကျောင်းသို့( : )တွင်ရောက်ရှိရန်

၂)စာသင်သားများ၏လုံခြုံစိတ်ချရေးအတွက်ကျောင်းသို့လာရောက်ရန်အသုံးပြုသောခရီးလမ်းကြောင်း ကိုကျောင်းမှသတ်မှတ်ဆုံးဖြတ်ပါသည်။။ ၎င်းကိုကျောင်းခရီးလမ်းကြောင်းဟုခေါ်ပါသည်။

၃)မူလတန်းကျောင်းများတွင်အိမ်နီးနားခြင်းကလေးငယ်များကစုပေါင်း၍ကျောင်းသို့သွားကြရပါသည်။

၄)အလယ်တန်းကျောင်းများတွင်စက်ဘီးဖြင့်ကျောင်းတက်ရောက်ခွင့်ပြုပေးသောကျောင်းများလည်းရှိပါသည်။

## (4) 進級・進学

日本では、義務教育の期間は飛び級の制度はなく、入学または編入学した学年から、順に上級の学年へと進級します。また、病気などで長い間休んだ場合など、特別のケース以外、留年（進級しないで同じ学年を繰り返す）ということはほとんどありません。義務教育を修了した後、高等学校に進学する時は、通常、入学試験を受けます。

## (5) 教育費

教科書は無料でもらえますが、次のものなどにはお金が必要です。

ア　教材費・・・授業で使う材料や問題集などの費用です。

イ　給食費・・・給食のある学校では、この費用が必要です。

ウ　遠足や社会見学の交通費・・・バスなどの費用です。

エ　ＰＴＡ会費・・・学校のＰＴＡ(Parents and Teachers Association)の費用です。ＰＴＡ会費は、学校を援助したり、保護者自身が学習したりする活動のための費用です。

これらの費用を集める方法は、現金で集金したり、学校が指定した金融機関に振り込む場合があります。詳しいことについては学校から連絡があります。

## (6) 学校でのきまり

学校での集団生活を健康で安全で楽しく送るために、いろいろなきまりがあります。日本の学校生活に早く慣れて、楽しい学校生活を送りましょう。わからないことは、先生や日本の友だちに何でも聞くようにしましょう。

### ア　登校時刻と通学路

①　学校へは、(　　:　　)までに登校します。

②　学校へ行く道は、子どもの安全確保のため、なるべく危険の少ない道を学校が決めています。これを通学路といいます。

③　小学校では、家の近い子どもたちが集まって、集団で登校することがあります。

④　中学校では、自転車通学が許可されているところもあります。

**ခ)ကျောင်းပျက်ခွင့်ရယူခြင်း**

ကျောင်းမတက်ရောက်နိုင်သည့်အခါကျောင်းစခ်ိန်မတိုင်မီ(  :  )အထိအုပ်ထိန်းသူများမှကျောင်းသို့အောက်ပါနည်းလမ်းဖြင့်တိုက်ရိုက်ခွင့်စာတင်ပါရန်

တယ်လီဖုန်း  (  -  )

FAX  (  -  )

ဆက်သွယ်အကြောင်းကြားစာအုပ်.....အိမ်အနီးအနားမှသူငယ်ချင်းမှတဆင့်ကျောင်းသို့ယူသွားပေးရန်

**ဂ)ကျောင်းပိတ်ရက်များ**

၁)စနေ၊တနင်္ဂနွေနှင့်အစိုးရရုံးပိတ်ရက်များ

၂)အထက်ပါပိတ်ရက်များ၌ကျောင်းလှုပ်ရှားမှုများရှိခဲ့ပါကနောက်တစ်ရက်ကိုအစားထိုးပိတ်ရက်အဖြစ်သတ်မှတ်ပါသည်။

**(အစိုးရရုံးပိတ်ရက်များ)**

| | | | |
|---|---|---|---|
| ဇန်နဝါရီလ၁ ရက် | နှစ်သစ်ကူး | မေလ၅ရက် | ကလေးများနေ့ |
| ဇန်နဝါရီလဒုတိယအပါတ်တနင်္လာနေ့ | အရွယ်ရောက်သူများနေ့ | ဇူလိုင်လတတိယအပါတ်တနင်္လာနေ့ | ပင်လယ်နေ့ |
| ဖေဖော်ဝါရီလ၁၁ရက် | နိုင်ငံတည်ထောင်သောနေ့ | ဩဂုတ်လ၁၁ရက် | တောင်နေ့ |
| ဖေဖော်ဝါရီလ၂၃ရက် | ဘုရင့်မွေးနေ့ | စက်တင်ဘာလ၂၃ရက်ပတ်ဝန်းကျင် | ဆောင်းဦးဝင်သောနေ့ |
| မတ်လ၂၀ရက်ဝန်းကျင် | နွေဦးဝင်သောနေ့ | စက်တင်ဘာလတတိယအပါတ်တနင်္လာနေ့ | သက်ကြီးရွယ်အိုများနေ့ |
| ဧပြီလ၉ရက် | Showaရှောဝါနေ့ | အောက်တိုဘာလဒုတိယအပါတ်တနင်္လာနေ့ | အားကစားနေ့ |
| မေလ၃ရက် | ဖွဲ့စည်းပုံအခြေခံနေ့ | နိုဝင်ဘာလ၃ရက် | ယဉ်ကျေးမှုနေ့ |
| မေလ၄ရက် | စိမ်းလန်းစိုပြေသောနေ့ | နိုဝင်ဘာလ၂၃ရက် | အလုပ်သမားဂုဏ်ပြုသောနေ့ |

#####တနင်္ဂနွေနေ့၌အစိုးရရုံးပိတ်ရက်ကျရောက်ပါကငင်းနေ့၏နောက်တစ်ရက်တနင်္လာနေ့ကိုအစားထိုးပိတ်ရက်အဖြစ်သတ်မှတ်ကာကျောင်းပိတ်ပါသည်။

(ကျောင်းပိတ်ရက်ရှည်)(မြို့နယ်ကျေးရွာအလိုက်ကွာခြားမှုရှိပါသည်)

နွေရာသီကျောင်းပိတ်ရက်  ဇူလိုင်  ရက်မှ  ဩဂုတ်  ရက်

ဆောင်းရာသီကျောင်းပိတ်ရက်  ဒီဇင်ဘာ  ရက်မှ  ဇန်နဝါရီ  ရက်

နွေဦးရာသီကျောင်းပိတ်ရက်  မတ်လ  ရက်မှ  ဧပြီလ  ရက်

**ဃ)ကျောင်းတက်ရောက်ခွင့်ရပ်ဆဲခြင်း**

အောက်ပါကူးစက်တတ်သောရောဂါများဖြစ်ပွားပါကဆရာဝန်ခွင့်ပြုချက်မရရှိမချင်း ကျောင်းတက်ရောက်ခွင့်မပြုပါ

(တုတ်ကွေးရောဂါ၊ဝက်သက်ပေါက်ခြင်း၊ဂျိုက်သိုးရောဂါ၊ပါးခိုတ်ရောင်ရောဂါ၊ရေကျောက်ပေါက်ခြင်း)

## イ　欠席の連絡

学校を欠席する場合、その日の始業時刻（　　：　　）までに直接保護者から、次のいずれかの方法で学校に連絡します。

電話　（　　－　　）

ＦＡＸ(　　－　　)

連絡帳・・・近所の友だちに預けて学校に届けてもらう。

## ウ　学校休業日

① 土曜日、日曜日及び国民の祝日は、学校はお休みです。

② 休みの日に学校行事があるときは、後日、代わりの休みがあります。

［国民の祝日］

| | | | |
|---|---|---|---|
| １月１日 | 元日 | ５月５日 | こどもの日 |
| １月第２月曜日 | 成人の日 | ７月第３月曜日 | 海の日 |
| ２月11日 | 建国記念の日 | ８月11日 | 山の日 |
| ２月23日 | 天皇誕生日 | ９月23日頃 | 秋分の日 |
| ３月20日頃 | 春分の日 | ９月第３月曜日 | 敬老の日 |
| ４月29日 | 昭和の日 | 10月第２月曜日 | スポーツの日 |
| ５月３日 | 憲法記念日 | 11月３日 | 文化の日 |
| ５月４日 | みどりの日 | 11月23日 | 勤労感謝の日 |

※　国民の祝日が日曜日の場合は、その翌日が代わりに休みになります。

［長期休業日］(市町によって違います)

| | | | | | | |
|---|---|---|---|---|---|---|
| 夏休み | ７月 | 日 | ～ | ８月 | 日 |
| 冬休み | 12月 | 日 | ～ | １月 | 日 |
| 春休み | ３月 | 日 | ～ | ４月 | 日 |

## エ　出席停止

次のような伝染病にかかった時は、医師から登校の許可がでるまで、学校に行くことはできません。

（インフルエンザ、麻疹、風疹、流行性耳下腺炎、水痘　等）

**c)အရေးပေါ်ကြေငြာချက်ထုတ်ပြန်ချိန်အတွင်းကျောင်းတက်ရောက်မှု**

၁)ရာသီဥတုဆိုးရွားချိန်တွင်အရေးပေါ်ကြေငြာချက်ရှိမရှိမနက်ခင်းမိုးလေဝသသတင်းဂရေဒီယိုကိုနားထောင်ကြည့်ရှုခြင်းဖြင့်ကလေးများ၏လုံခြုံရေးကိုသတိပြုရန်။ဖုန်းနံပါတ်၁၇၇ဖြင့်လည်းမေးမြန်းနိုင်ပါသည်။

၂)ကျောင်းတက်ချိန်(မနက်----နာရီလက်ရှိစံတော်ချိန်)၌သင်နေထိုင်သောမြို့နယ်၊ဒေသတွင်အရေးပေါ်သတိပေးကြေငြာချက်ထွက်ပေါ်ပါကမိမိ၏ သားသမီးအား ကျောင်းသို့ပေးမသွားပါရန်။

| ဒေသ | မြို့နယ်၊ဒေသအမည်များ |
|---|---|
| Tajimaမြောက်ပိုင်း | Toyo oka city,Kami-cho, Shin onsen-cho |
| Tajimaတောင်ပိုင်း | Yabu city, Asago city |
| Hokubantanba | Nishiwaki city,Taka-cho, Tam ba city,Tam ba sasa yama city |
| Hanshin | Kobe city,Amagasaki city,Nishinomiya city,Ashiya city,Itami city, Takarazuka city,Kawanishi City,Inagawa-cho,Sanda city |
| Harima အနောက်မြောက်ပိုင်း | Kamikawa-cho,Ichikawa-cho,Fukusaki-cho,Sayo-cho,Shiso city |
| Harima အရှေ့တောင်ပိုင်း | Akashi city,Kakogawa city,Takasago city,Inami-cho,Harima-cho, Miki city,Ono city,Kasai city,Kato city |
| Harima အနောက်တောင်ပိုင်း | Himeji city,Ako city,Aioi city,Kamigoru-cho,Tatsuno city,Taishi city |
| Awaji ကျွန်း | Sumoto city,Awaji city,Southern Awaji city |

၃)ကလေးများကျောင်းသို့ထွက်ခွါပြီးနောက်ပိုင်းအရေးပေါ်ကြေငြာချက်ထုတ်ပြန်ပါက၊အခြေအနေတည်ငြိမ်သည်အထိကျောင်းတွင်ဆက်လက်စောင့်ဆိုင်းစေခြင်း(သို့)ဆရာဆရာမများမှအုပ်စုဖွဲ့၍ပြန်ပို့ခြင်းများစသည့်အန္တရာယ်အကင်းဆုံးရွေးချယ်မှုကိုပြုလုပ်ပေးပါမည်။




၄)ငင်းနောက်ပိုင်း( )နာရီမတိုင်မီအထိအရေးပေါ်သတိပေးကြေငြာချက်မှသာမာန်သတိပေးချက်(သို့)ကြေငြာချက်ပြေပြတ်သွားပါကပုံမှန်စာသင်ကြားမှုရှိပါသည်။သို့သော်အစစသတိမူ၍ကျောင်းသို့လွှတ်ပါရန်။

(ကျောင်းမှကျောင်းတက်ရောက်ရန်အကြောင်းကြားပါမည်)
#သာမာန်သတိပေးချက်များအတွက်ကျောင်းပိတ်ရက်မသတ်မှတ်ပါ။

၅)လက်ရှိ.....နာရီအထိအရေးပေါ်သတိပေးကြေငြာချက်ဆက်လက်ရှိနေပါကအရေးပေါ်ကျောင်းပိတ်ရက်အဖြစ်သတ်မှတ်ပါသည်။
ၚင်းသတ်မှတ်ချိန်ကျော်လွန်ပြီးမှကြေငြာချက်ပြေပြတ်ပါသော်လည်းကျောင်းသည်ဆက်လက်၍ပိတ်ရက်အဖြစ်သတ်မှတ်ပါသည်။

## オ　災害・警報時の登校

① 天候異変が発生した時には、子どもの安全確保のため、次のようにします。
朝の気象情報をテレビやラジオ、また、電話（177）で確認します。

② 登校時（午前＿＿＿時現在）に、あなたが住んでいる地域・市町に警報が発令されている場合は登校させずに自宅で待機させます。


| 地域 | 市町名 |
|---|---|
| 但馬北部 | 豊岡市、香美町、新温泉町 |
| 但馬南部 | 養父市、朝来市 |
| 北播丹波 | 西脇市、多可町、丹波市、丹波篠山市 |
| 阪神 | 神戸市、尼崎市、西宮市、芦屋市、伊丹市、宝塚市、川西市、猪名川町、三田市 |
| 播磨北西部 | 神河町、市川町、福崎町、佐用町、宍粟市 |
| 播磨南東部 | 明石市、加古川市、高砂市、稲美町、播磨町、三木市、小野市、加西市、加東市 |
| 播磨南西部 | 姫路市、赤穂市、相生市、上郡町、たつの市、太子町 |
| 淡路島 | 洲本市、淡路市、南あわじ市 |

③ 登校後に警報が発令された場合は、安全のために子どもたちを少し学校で待たせたり、教師が連れて集団下校させたりするなど、最良の方法を取ります。

④ その後、＿＿時までに、警報が注意報にかわったり、解除された場合、平常通り授業があります。安全を確かめて登校させてください。（学校から「登校する」よう連絡があります）

※ 注意報の場合、学校は休みではありません。

⑤ ＿＿時現在でも警報発令中の場合、臨時休業（学校は休み）とします。これ以後、警報が解除になっても学校は休みです。



**၆)တခြား**

*** သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း၊ရာသီဥတုဆိုးရွားမှုကြောင့်စာသင်ကျောင်းတွင်အန္တရာယ်ရှိသည်ဟုယူဆသောအခါကျောင်းသို့မတက်ရောက်စေပဲနေအိမ်တွင်စောင့်ဆိုင်းပါရန်။ဂင်းအချိန်များတွင်ကျောင်းသို့မပျက်မကွက်အကြောင်းကြားပါရန်။

*** ငလျင်လှုပ်ခြင်းကြောင့်ဘေးအန္တရာယ်ကျရောက်မည့်အခြေအနေရှိသောအခါကျောင်းသို့မသွားစေပဲနေအိမ်တွင်စောင့်ဆိုင်းစေရန်။

**၈)ကျန်းမာရေးနှင့်လုံခြုံရေး**

၁)နှစ်စဉ်သတ်မှတ်ရက်များတွင်ကျောင်းကျန်းမာရေးစစ်ဆေးမှုများကိုအမြဲမပြတ်ပြုလုပ်ပေးပါသည်။

၂)ကျောင်းတွင်းထိခိုက်ဒဏ်ရာရရှိပါကဆရာအားအသိပေးရန်။ကျောင်းကျန်းမာရေးဆေးပေးခန်းတွင်အရေးပေါ်ကုသခံယူခြင်း၊အနားယူမှုပြုစေပါမည်။

၃)ကျောင်းအတွင်းဖြစ်ပွားသောမတော်တဆထိခိုက်မှု၊ဒဏ်ရာရရှိမှုများကိုကုသမှုရယူစေရန်(ဂျပန်အားကစားအဖွဲ့အစည်း၏)ထိခိုက်ဒဏ်ရာကုသမှုအာမခံစနစ်ရှိပါသည်။မိဘများမှအာမခံကြေး၏တစိတ်တပိုင်းကိုပေးချေရန်လိုအပ်ပါသည်။

**ဆ)တခြားကျောင်းတွင်းနေထိုင်မှုများ**

၁)ကျောင်းချိန်အတွင်းကျောင်းပြင်ပသို့ထွက်သည့်အခါဆရာအားအသိပေးရန်

၂)ကျောင်းပရိဝုဏ်အတွင်း၌ကျောင်းတွင်းစီးဖိနပ်၊အားကစားရုံ၌အားကစားရုံတွင်းစီးသည့်ဖိနပ်ကိုပြောင်းစီးရသည့်ကျောင်းများလည်းရှိပါသည်။

၃)ကျောင်းတွင်မလိုအပ်သောပစ္စည်းများ၊တန်ဖိုးရှိပစ္စည်းများကိုယူဆောင်ခွင့်မပြုပါ။

၄)ပစ္စည်းများအားလုံးတွင်နာမည်ရေးသားရန်။

၅)အဝတ်အစားနှင့်ဆံပင ်ပုံစံများကိုသတ်မှတ်ထားသည့်ကျောင်းများရှိပါသည်။မသိရှိပါကကျောင်းသို့စုံစမ်းရန်။


**၉)ကျောင်းတွင်လိုအပ်ပစ္စည်း**

၁)သင်ရိုးညွှန်းတမ်းဖတ်စာအုပ်ကိုကျောင်းမှ(အခမဲ့)ဝေပေးပါမည်။

၂)အောက်ပါပစ္စည်းများကိုအုပ်ထိန်းသူများမှပြင်ဆင်ထားရန်။


**(အိတ်)**

ဂျပန်ကျောင်းကျောပိုးအိတ်





လက်ဆွဲအိတ်



⑥　その他

・　災害が発生したり、天候の状況が悪く学校に危険が予想される場合には、登校させず自宅で待機させます。また、その場合は必ず学校に連絡します。

・　地震により災害発生が予測される場合、登校させず自宅で待機させます。

**カ　健康と安全**

①　学校では、定期的に健康診断を行います。

②　学校で病気になったり、けがをした場合は先生に連絡します。保健室で応急手当をしたり、休養したりすることができます。

③　学校での事故やけがに備えて、「独立行政法人・日本スポーツ振興センター」の「災害共済給付」制度があります。掛け金の一部は保護者の負担です。

**キ　その他の学校生活**

①　登校してから下校するまでに校外へ出る場合は、先生の許可が必要です。

②　校舎内に入るときは上履きに、体育館では体育館シューズに履き替える学校もあります。

③　不必要なお金や貴重品、いらないものは学校へ持って行かないようにします。

④　持ち物には必ず名前を書いておきます。

⑤　服装や髪形について、きまりが定められている場合があります。分からないときは、先生に聞くようにします。

**ク　学校で必要なもの**

①　教科書は学校で渡します。（無料）

②　次の学用品は、保護者が用意します。

**［かばん］**

ランドセル







てさげかばん



**(စာရေးကိရိယာများ)**


ကွန်ပါဘူး ခဲဖျက် ပေတံ ခဲတံ ခဲတံအနီ ကော်








စာရေးအောက်ခံပလတ်စတစ်အမာပြား ရောင်စုံခြယ်ဖယောင်း တိတ်အကြည် ရောင်စုံခြယ်ခဲတံ စက္ကူတွဲချုပ်စက်







**(ကျောင်းနေ့လည်စာတွင်အသုံးပြုသောလိုအပ်ပစ္စည်း)**

ကြိုးရှုံ့အိတ် ပါးစပ်နှာခေါင်းအုပ် သတ်မှတ်ထားသောအပေါ်ဝတ်အင်္ကျီ ဆံပင်အုပ် တူထည့်သောဘူး







တူ



**(အားကစားအချိန်တွင်အသုံးပြုသောလိုအပ်ပစ္စည်း)**



သတ်မှတ်ဝတ်စုံ သတ်မှတ်ဦးထုပ် အားကစားရုံသုံးဖိနပ် ဖိနပ်အိတ်






**(တခြားလိုအပ်မှုများ)**


သန့်ရှင်းရေးဖုန်သုတ်အဝတ် လက်ကိုင်ပုဝါ တစ်ရှူးစက္ကူ








**####ပစ္စည်းအားလုံးတွင်မိမိ၏နာမည်ကိုသေသေချာချာရေးသားထားပါရန်**

**[文房具類]**


ふでばこ　消しゴム　定規　鉛筆　赤鉛筆　下敷き





クレヨン　色鉛筆　セロハンテープ　のり　ステープラー(ホチキス)






**[給食の時間に必要なもの]**

給食袋　マスク　エプロン　三角巾　はし　はしばこ





**[体育の時間に必要なもの]**



体操服(学校で指定のもの)　体操帽　体育館シューズ　くつぶくろ






**[その他]**

ぞうきん　ハンカチ　ティッシュペーパー


**※持ち物には必ず名前を書いておきましょう。**

**(၇)တစ်နှစ်တာအတွင်းကျောင်းတွင်းလှုပ်ရှားလုပ်ဆောင်မှုများ** (ကျောင်းများပေါ်မူတည်၍ကွာခြားမှုရှိပါသည်)

**(ပထမအကြိမ်စာသင်နှစ်)(ဧပြီလမှဇူလိုင်လအထိ)**

**ဧပြီလ**

**စာသင်နှစ်စတင်ရက်**

. စာသင်နှစ်အစတွင်ပြုလုပ်သောစတင်ပွဲ

.ဒုတိယနှင့်တတိယစာသင်နှစ်၏အစတွင်လည်းပြုလုပ်ပါသည်။

**ကိုယ်ခန္ဓာကျန်းမာရေးစိစစ်မှု**

.အရပ်၊ကိုယ်အလေးချိန်တိုင်းတာခြင်း


.ကျန်းမာရေး၊သွားမျက်စိ၊ဆီးစစ်ဆေးမှု

**စာသင်ကြားမှုပြသချက်**

.အုပ်ထိန်းသူများအားကလေးများ၏သင်ကြားရယူမှု
အခြေအနေကိုပြသပေးပါသည်။

**စာသင်နှစ်အလိုက်ဆွေးနွေးမှု**

.အုပ်ထိန်းသူများနှင့်ဆရာများကစာသင်သားများနှင့်
ပတ်သက်၍ဆွေးနွေးနှီးနှောခြင်း



**ဇူလိုင်လ**

**သီးခြားဆွေးနွေးမှု**

.အတန်းပိုင်နှင့်အုပ်ထိန်းသူများကစာသင်သားများ၏သင်ယူမှု၊
လှုပ်ရှားဆောင်ရွက်မှုအခြေအနေများကိုကျောင်း၌သီးခြား
ဆွေးနွေးခြင်း

**စာသင်နှစ်နောက်ဆုံးရက်**

.စာသင်နှစ်တစ်နှစ်တာ၏ပြီးမြောက်သည့်ပွဲ

.အမှတ်စာရင်းတင်ပြချက်များပေးဝေပါမည်။

.စာသင်နှစ်ဒုတိယနှစ်၊တတိယနှစ်များတွင်လည်းရှိပါသည်။

**ကျောင်းဖွင့်ပွဲ**

.ကျောင်းစတင်တက်ရောက်သောစာသင်သားအသစ်များကိုကြိုဆိုသည့်ပွဲ

.၎င်းစာသင်သားများ၏အုပ်ထိန်းသူများလည်းတက်ရောက်ပါသည်။

**ကျောင်းပြင်ပလေ့လာရေး**

.ကျောင်း၏ပြင်ပတွင်ရှိသောလေ့လာမှုအတွေ့အကြုံများ

**မိသားစုအခြေအနေစုံစမ်းမှု**

.အတန်းပိုင်မှစာသင်သားတစ်ဦးစီ၏နေအိမ်များသို့သွား
ရောက်ကာအုပ်ထိန်းသူများနှင့်တွေ့ဆုံ၍စာသင်သားများ
၏နေ့စဉ်နေထိုင်လှုပ်ရှားမှုများကိုဆွေးနွေးပါမည်။



**ရေကူး**

.နွေရာသီကာလတွင်အားကစားအချိန်၌ရေကူးသင်ရပါမည်။

**နွေရာသီကျောင်းပိတ်ရက်**

.ရက်၄၀ပတ်ဝန်းကျင်ကျောင်းပိတ်ရက်အဖြစ်သတ်မှတ်ပါသည်။
(ဇူလိုင်၂၀ရက်ပတ်ဝန်းကျင်မှသြဂုတ်၃၁ရက်ပတ်ဝန်းကျင်အထိ)

## (7) 主な年間行事（※ 学校によってちがいます）

### 【１学期】（４月～７月）

#### ４月

**始業式**

- 学期の始まりの式です。
- ２学期、３学期にもあります。

**入学式**

- 新入生を迎える行事です。
- 新入生の保護者も参加します。

**健康診断**

- 身長・体重などを測ります。
- 内科・歯科などの検診や視力・尿などの検査があります。

**遠足・校外学習**

- 学校の外へ出かけ、体験や見学をします。

**授業参観**

- 保護者が学校へ行き、勉強している子どもの様子を見ます。

**家庭訪問**

- 学級担任が家庭を訪問し、保護者と話し合います。



**学級懇談会**

- 担任と保護者全員で学級のことや子どものことについて話し合います。



**水泳**

- 夏になると、体育の授業で水泳をします。

#### ７月

**個別懇談**

- 学校で担任と保護者が子どもの学校生活や勉強について話をします。

**終業式**

- 学期の終わりの式です。
- 成績表が渡されます。
- ２学期、３学期にもあります。

**夏休み**


- 約40日間の休みです。
  （７月20日頃から８月31日まで）


**(ဒုတိယအကြိမ်စာသင်နှစ်) (စက်တင်ဘာလမှဒီဇင်ဘာလ)**

**စက်တင်ဘာလ**

**ကိုယ်လက်လှုပ်ရှားအားကစားပွဲတော်**

.အပြေးပြိုင်ပွဲ၊လက်ဆင့်ကမ်းပြေးပွဲ၊အကများကိုပြုလုပ်ပါမည်။





**ဘေးအန္တရာယ်ကာကွယ်ရေးလှုပ်ရှားမှု**

.ငလျင်၊မီးဘေးစသည်များအတွက်လေ့ကျင့်ပါမည်။

**ဂီတပွဲတော်၊ယဉ်ကျေးမှုပွဲတော်**

.တူရိယာပစ္စည်းများအသုံးပြု၍ဂီတဖျော်ဖြေမှု၊သရုပ်ဆောင်မှု၊ လက်မှုပစ္စည်းများပြသမှု

**ဒီဇင်ဘာလ**

**ဆောင်းရာသီပိတ်ရက်**

.၁၄ရက်ပတ်ဝန်းကျင်ကျောင်းပိတ်ပါသည်။

(ဒီဇင်ဘာ၂၄ရက်ပတ်ဝန်းကျင်မှဇန်နဝါရီ၇ရက်ပတ်ဝန်းကျင်အထိ)

**တတိယအကြိမ်စာသင်နှစ်(ဇန်နဝါရီလမှမတ်လအထိ)**

**ဇန်နဝါရီလ**

**အသေးပိုင်းရာသီလေ့ကျင့်မှု**

.မနက်ခင်းသတ်မှတ်အချိန်အတွင်းကျောင်းပရိဝုဏ်၏ တစ်ပတ်လည်ဝန်းကျင်ကိုပတ်ပြေးစေခြင်းဖြင့် ကိုယ်ခန္ဓာသန်စွမ်းစေရန်လေ့ကျင့်မှုရယူပါသည်။

**မတ်လ**

**နွေဦးရာသီကျောင်းပိတ်ရက်**

. ၁၄ရက်ပတ်ဝန်းကျင်ကျောင်းပိတ်ပါသည်။

**ကျောင်းဆင်းပွဲ**

.ကျောင်းပြီးဆုံးသောကျောင်းသားများနှင့်အတူမိဘများ လည်းတက်ရောက်ပါသည်။





## 【２学期】（９月～12月）

### ９月

**運動会・体育大会**

・ 徒競走やリレー、ダンスなどをします。





**防災訓練**

・ 地震や火事に備えての訓練です。

**音楽会・文化祭**

・ 合唱や楽器の演奏、演劇、作品の発表.展示をします。

### １２月

**冬休み**

・ 約14日間の休みです。
（12月24日ごろ～１月７日ごろ）

## 【３学期】（１月～３月）

### １月

**耐寒訓練**

・ 一定期間､朝などに学校の周りを走り、体力づくりをします。

### ３月

**春休み**

・ 約14日間の休みです。

**卒業式**

・ 卒業生の保護者も参加します。



**စာသင်နှစ်များအတွင်းမှ သီးခြားအရေးပါသည့်လှုပ်ရှားဆောင်ရွက်မှုများ**

**သဘာဝပတ်ဝန်းကျင်လေ့လာရေးခရီး**

.မူလတန်း၅တန်းကျောင်းသားများအတွက်
.ကျောင်းနှင့်အိမ်ကိုခေတ္တခွဲခွါ၍သတ်မှတ်ထားသောသဘာဝပတ်ဝန်းကျင်နေရာများတွင်၄ညအိပ်၅ရက်ခရီးဖြင့်အမျိုးမျိုးသောသဘာဝပတ်ဝန်းကျင်ကိုလေ့လာကြပါမည်။

**လေ့လာရေးခရီး**

.မူလတန်း၆တန်းနှင့်အလယ်တန်း၃တန်းကျောင်းသားများအတွက်
.ထင်ရှားကျော်ကြားသောနေရာဒေသအမျိုးမျိုးသို့သွားရောက်လေ့လာကာဗဟုသုတရယူပါမည်။

**စိတ်လှုပ်ရှားပျော်ရွှင်ဖွယ်ဂီတချိန်**

.အလယ်တန်းပထမနှစ်စာသင်သားများအတွက်
.တိုင်း၏အနုပညာယဉ်ကျေးမှုစင်တာတွင်ဂီတအနုပညာရသများကိုခံစားရပါမည်။

**လက်တွေ့ဆင်းလေ့လာသည့်အစမ်းကာလတစ်ပတ်**

. အလယ်တန်း၃တိယနှစ်ကျောင်းသားများအတွက်
.၎င်းတစ်ပတ်တာကာလအတွင်းကျောင်းပြင်ပရှိလူမှုရေးအဖွဲ့အစည်း(မူကြိုကျောင်း၊စျေးဆိုင်တန်း၊အလုပ်ရုံ၊ရုံး၊ဆေးခန်း)စသည်များတွင်လက်တွေ့ဆင်း၍လေ့လာခွင့်ရပါမည်။

**(၈)ကျောင်း၏တစ်နေ့တာ** (###ကျောင်းအသီးသီးအမျိုးမျိုးခြားနားတတ်ပါသည်)

**(မူလတန်းကျောင်း)**

ကျောင်းတက်

(မနက်ခင်းတစ်ကျောင်းလုံးစုချိန်).....တစ်ပတ်တစ်ကြိမ်ကျောင်းတစ်ကျောင်းလုံးစုစည်းကာကျောင်းအုပ်ကြီးမိန့်ခွန်းနှင့်အသိပေးချက်များကိုနားထောင်ရန်။
(မနက်ခင်းစုချိန်) .....စာသင်ခန်းအလိုက်တနေ့တာအစီအစဉ်ကိုပြောဆိုညှိနှိုင်းခြင်း

စတင်ချိန်

စာသင်ချိန်

.စာသင်ချိန်တစ်ချိန်သည်၄၅မိနစ်ရှိတတ်ပါသည်။
.မနက်ခင်းအချိန်သည်၄နာရီနှီးပါးရှိတတ်ပါသည်။
.အများအားဖြင့်အတန်းပိုင်မှအဓိကသင်ကြားပို့ချပါသည်။
.ဘာသာရပ်အားလုံးဂျပန်ဘာသာစကားဖြင့်သင်ကြားပါသည်။

**(အလယ်တန်းကျောင်း)**

ကျောင်းတက်

စတင်ချိန်

စာသင်ချိန်

.စာသင်ချိန်တစ်ချိန်သည်၅၀မိနစ်ရှိတတ်ပါသည်။
.မနက်ခင်းအချိန်သည်၄နာရီနှီးပါးရှိတတ်ပါသည်။
.ဘာသာရပ်များအားလုံးကိုအထူးပြုဆရာများမှသင်ကြားပို့ချပါသည်။
.နိုင်ငံခြားဘာသာရပ်မှလွဲ၍ကျန်ဘာသာရပ်အားလုံးဂျပန်ဘာသာစကားဖြင့်သင်ကြားပါသည်။

## 【学年別の大きな行事】

### 自然学校

・小学校５年生対象。
・４泊５日以上、学校や家庭を離れて自然の中でさまざまな体験活動をします。

### 修学旅行

・小学校６年生、中学校３年生対象。
・いろいろな名所・施設を見学したり、体験活動をしたりします。

### わくわくオーケストラ教室

・中学校１年生が対象。
・県立芸術文化センターで、オーケストラの演奏を鑑賞します。

### トライやる・ウィーク

・中学校２年生対象。
・１週間、学校を離れて、地域社会(保育所、商店、事業所等)の中で、さまざまな体験活動を行います。

## (8) 学校の一日 (※学校によって違いがあります)

### 【小学校】

登校

(全校朝会)・・・週に１回、全校の児童生徒が集まり、校長先生などの話や連絡を聞きます。
(朝の会)・・・各学級で自分たちの生活について話し合います。

始業

授業

・１時限は45分授業が多いです。
・午前中に４時間程度の授業があります。
・ほとんどの授業は、担任の先生が中心になって指導します。
・授業はすべて日本語で行われます。

### 【中学校】


登校

(全校朝会)・・・週に１回、全校の児童生徒が集まり、校長先生などの話や連絡を聞きます。
(朝の会)・・・各学級で自分たちの生活について話し合います。

始業

授業

・１時限は50分授業が多いです。
・午前中に４時間程度の授業があります。
・教科は、専門の先生が担当します。
・外国語以外の授業はすべて日本語で行われます。


ကျောင်းနေ့လည်စာ
နေ့လည်စာ
.ကျောင်းအများစုသည်ကျောင်းမှနေ့လည်စာကျွေးပါသည်
.ကျောင်းနေ့လည်စာမကျွေးသောကျောင်းများသည်
ထမင်းဘူးယူဆောင်သွားရန်
ကျန်းမာရေးအရ(သို့)ဘာသာရေးအရကျောင်းနေ့လည်စာအားမစားချင်ပါကအတန်းပိုင်နှင့်
ဆွေးနွေးနိုင်ပါသည်။
နေ့လည်အားလပ်ချိန်
နေ့လည်အားလပ်ချိန်
(သန့်ရှင်းရေးလှုပ်ရှားမှု)
. စာသင်ချိန်အားလုံးပြီးဆုံးသည့်အခါမှသန့်ရှင်းရေးလုပ်သောကျောင်းများလည်းရှိပါသည်။
စာသင်ချိန်
. ညနေပိုင်းစာသင်ချိန်သည်အတန်းအလိုက်၊နေ့အလိုက်မတူညီကြသော်လည်းဘာရီ(သို့)နာရီစာသင်ချိန်ရှိပါသည်။
. သင်ကြားမှုပြီးဆုံးချိန်သည်အတန်းအလိုက်၊နေ့အလိုက်ကွာခြားပါသည်။
.ကျောင်းဆင်းချိန်နောက်ပိုင်းတွင်အတန်းအလိုက်၊ကျောင်းအလိုက်လုပ်ဆောင်မှုများ၊
အားကစားလှုပ်ရှားမှုများစသည်ဖြင့်ကျောင်းဆင်းချိန်များမတူညီကြပါ။
ပြီးဆုံးချိန်
ပြီးဆုံးချိန်
(အသင်းအဖွဲ့လှုပ်ရှားမှု)
ကျောင်းဆင်းချိန်နောက်ပိုင်းတွင်အတန်းပိုင်(သို့)အကြံပေး
ဆရာများ၏သင်ကြားမှုအောက်တွင်လှုပ်ရှားဆောင်ရွက်
ရသောယဉ်ကျေးမှု၊အားကစားလှုပ်ရှားမှုများရှိပါသည်။

給　食

・ほとんどの小学校では給食があります。

昼食

・　給食がない学校では弁当を持って行きます。

給食で、健康上、あるいは宗教上の理由により食べることができないものがあるときは、学級担任に連絡してください。

昼休み

昼休み

（清掃活動）

・　授業がすべて終わってから清掃をする学校もあります。

授業

・　午後は、学年や曜日によって違いますが、１時間または２時間の授業があります。
・　授業が終わる時間は、学年や曜日によって違います。
・　放課後、学級・学校の仕事やスポーツ活動などで、下校の時間が違います。

終　業

終　業

（部活動）

放課後、担当の先生（顧問）等の指導のもとで行われる活動で、スポーツや文化活動を行います。

**(၃)အထက်တန်းပညာရေး**

**(၁)အထက်တန်းကျောင်းအမျိုးအစား**

အထက်တန်းကျောင်းများကိုအစိုးရအထက်တန်းကျောင်းနှင့်ပုဂ္ဂလိကအထက်တန်းကျောင်းအဖြစ်၂မျိုးခွဲခြားပါသည်။

စာသင်ကြားမှုအချိန်ကို(၁)အချိန်ပြည့်(၂)အချိန်ပိုင်း(၃)အချိန်ပေါင်းစုံတွဲဖက်(၄)စာပေးစာယူစသည်ဖြင့်၄မျိုးခွဲခြားပါသည်။

**က)အစိုးရအထက်တန်းကျောင်းနှင့်ပုဂ္ဂလိကအထက်တန်းကျောင်းကွာခြားချက်**

| | |
|---|---|
| အစိုးရအထက်တန်းကျောင်း | နိုင်ငံ၊မြို့နယ်၊ကျေးရွာစသည့်နိုင်ငံတော်မှတည်ထောင်ထားသောအစိုးရကျောင်း |
| ပုဂ္ဂလိကအထက်တန်းကျောင်း | .ပုဂ္ဂလိကပိုင်<br>.အစိုးရကျောင်းနှင့်ယှဉ်၍ကျောင်းစရိတ်ပိုများပါသည်။<br>.ကိုယ်ပိုင်စနစ်များဖြင့်သင်ကြားပါသည်။ |

**ခ)စာသင်ချိန်ကွာခြားချက်**

| | အချိန်ပြည့်ကျောင်း | အချိန်ပိုင်းကျောင်: | အချိန်ပေါင်းစုံတွဲဖက်ကျောင်း | စာပေးစာယူကျောင်: |
|---|---|---|---|---|
| ကျောင်းတက်ရက်၊ အချိန် | နေ့စဉ်၈:၃၀-၃:၃၀ | နေ့စဉ်၅:၃၀-၉:၀၀ | နေ့စဉ်၈:၃၀-၉:၀၀ | တလတွင်ကျောင်းတက်ချိန် အနည်းငယ်ရှိ |
| အချိန်ဇယား | မိနစ်၅၀ x အတန်း၆ခု | မိနစ်၅၀ x အတန်း၄ခု | မိနစ်၅၀ x အတန်း၄ခု | |
| ဘွဲ့ရသည်အထိ ကြာမြင့်ကာလ | ၃နှစ် | ၃/၄နှစ် | ၃/၄နှစ် | ၃/၄နှစ် |
| ထူးခြားချက် | တနေ့တာလုံး စာသင်ချိန်ရှိ | ညကျောင်း | မနက်ခင်းမှညကျောင်းအထိရှိ နှစ်သက်ရာအချိန်ကို ရွေးချယ်နိုင်သည် | ပုံမှန်အားဖြင့်နေအိမ်မှ သင်ယူနိုင်သည်။ တလတွင်ကျောင်းတက်ချိန် အနည်းငယ်ရှိသည်။ |

---အချိန်ပိုင်းအထက်တန်းကျောင်းများတွင်မနက်ခင်းပိုင်သာသင်ကြားပေးသောကျောင်းများလည်းရှိပါသည်။

--- Hyogoတိုင်းတွင်ရှိသောအစိုးရအထက်တန်းကျောင်းစရိတ်များ(၂၀၁၈ခုနှစ်ဧပြီလ၁ရက်ပြဋ္ဌာန်းချက်အရ)

| အပိုင်း | စာသင်စရိတ်(တစ်နှစ်စာ) | ဝင်ခွင့်စာမေးပွဲစရိတ် | ကျောင်းဝင်ခွင့်စရိတ် |
|---|---|---|---|
| အချိန်ပြည့် | ယန်း၁၁၈,၈၀၀ | ယန်း၂,၂၀၀ | ယန်း၅,၆၅၀ |
| အချိန်ပိုင်: | ယန်း၃၂,၄၀၀ | ယန်း၉၅၀ | ယန်း၂,၁၀၀ |
| စာပေးစာယူ | ယန်း၃၁၀/ ၁ယူနစ် | ယန်း၂,၂၀၀ | ယန်း၅,၆၅၀ |

နိုင်ငံတော်အားထမ်းဆောင်ရသည့်ဝင်ငွေခွန်စုစုပေါင်း(မြို့နယ်ရပ်ကွက်ကျေးရွာနှင့်တိုင်းအဆင့်အထိစုစုပေါင်းပေးဆောင်ရသည့်အခွန်ငွေ) ယန်း၅၀၇,၀၀၀အောက်ရှိသောအိမ်ခြေ(ပျမ်းမျှနှစ်စဉ်ဝင်ငွေယန်း၉,၁၀၀,၀၀၀မပြည့်သောအိမ်ခြေများ)အတွက်အထက်တန်းပညာသင်စရိတ် အနည်းငယ်ထောက်ပံ့မှုရှိပါသည်။

----- လစဉ်ပညာသင်ထောက်ပံ့စရိတ်(၂၀၁၈ခုနှစ်ဧပြီလ၁ရက်ပြဋ္ဌာန်းချက်အရ)

| အပိုင်း | ထောက်ပံ့စရိတ်(တစ်လ) |
|---|---|
| အချိန်ပြည့်ကျောင်း(အစိုးရ) | ယန်း၉,၉၀၀ |
| အချိန်ပိုင်:ကျောင်:(အစိုးရ) | ယန်း၂,၇၀၀ |
| စာပေးစာယူကျောင်:(အစိုးရ) | ယန်း၅၂၀ |
| အချိန်ပိုင်:/စာပေးစာယူ(ပုဂ္ဂလိက) | ယန်း၉၉၀၀ |

*အချိန်ပေါင်းစုံတွဲဖက်ကျောင်း (အစိုးရကျောင်း) များသည်ဌာနအလိုက်ထောက်ပံ့စရိတ်ကွဲပြားပါသည်။

*ပုဂ္ဂလိကကျောင်းများသည်မိသားစုဝင်ငွေပေါ်မူတည်၍ ထောက်ပံ့စရိတ်ခြားနားပါသည်။

*ပုဂ္ဂလိကကျောင်းများ၏စာသင်စရိတ်လျော့ပါးစေရန် အသုံးပြုနိုင်သည့်ထောက်ပံ့ကြေးစနစ်လည်းရှိပါသည်။

## 3　高等学校について

### (1) 高等学校の種類

高等学校は、大きく分けると、公立高校と私立高校に分けられます。また、授業の時間帯などにより、「全日制」「定時制」「多部制」「通信制」の４つのタイプに分かれます。

#### ア　公立高校と私立高校の違い

| | |
|---|---|
| 公立高校 | ・都道府県や市が設立 |
| 私立高校 | ・民間が設立<br>・公立に比べると、学費が高い。<br>・学校独自の教育方針にしたがって教育をしている。 |

#### イ　授業の時間帯などによる違い

| | 全日制高校 | 定時制高校 | 多部制高校 | 通信制高校 |
|---|---|---|---|---|
| 通学日と時間 | 毎日　8:30-15:30 | 毎日　17:30-21:00 | 毎日　8:30-21:00 | 月に数回スクーリング |
| １日の時間割 | 50分授業×６コマなど | 50分授業×４コマなど | 50分授業×４コマなど | |
| 卒業までの年数 | ３年 | ３－４年 | ３－４年 | ３－４年 |
| 特徴 | 午前から午後にかけて授業を行う。 | 夜間に授業を行う。 | 午前から夜間にかけて行われる。授業を生活に合わせて選んで受ける。 | 普段は自宅で勉強し、月に数回学校へ行く。 |

✱ 定時制高校には、昼間定時制（午前中に授業を行う）もあります。

✱ 兵庫県立高等学校入学における費用等（2018年４月１日現在）

| 区　分 | 授業料（年額） | 入学考査料 | 入学料 |
|---|---|---|---|
| 全日制 | 118,800円 | 2,200円 | 5,650円 |
| 定時制 | 32,400円 | 950円 | 2,100円 |
| 通信制 | 310円／１単位 | 2,200円 | 5,650円 |

✱ 高校等の授業料の支援として市町村民税所得割額と県民税所得割額の合算が507,000円未満（年収910万程度未満）の世帯に「高等学校等就学支援金」が支給されます。

✱ 就学支援金支給額　月額（2018年４月１日現在）

| 区　分 | 支給額（月額） |
|---|---|
| 全日制高校（公立） | 9,900円 |
| 定時制高校（公立） | 2,700円 |
| 通信制高校（公立） | 520円 |
| 定時制・通信制（私立） | 9,900円 |

※ 多部制高校（公立）は部により支給額が異なります。

※ 私立学校は所得により異なります。

※ 私立高等学校等生徒授業料軽減補助制度も利用できます。

**(၂)ဘာသာရပ်အမျိုးအစား**

အများအားဖြင့်(ပုံမှန်ဘာသာရပ်)(အထူးပြုဘာသာရပ်)(အထွေထွေဘာသာရပ်)နှင့်အတန်းအလိုက်မခွဲခြားပဲယူနစ်အလိုက်သတ်မှတ်သော အထက်တန်းကျောင်းများရှိပါသည်။ဘာသာရပ်များကို ရွေးချယ်ပြီးနောက်ပိုင်းတွင်ပြန်ပြောင်းရန်ခက်ခဲပါသည်။ မိမိတို့၏ဝါသနာနှင့်အနာဂါတ်ရည်မှန်းချက်များကိုအဓိကစဉ်းစား၍မည်သည့်ကျောင်းမည်သည့်ဘာသာရပ်ကိုရွေးချယ်သင့်သည်ကို အုပ်ထိန်းသူမိဘများ/ဆရာ၊ဆရာမများနှင့်သေချာစွာတိုင်ပင်ဆွေးနွေးသင့်ပါသည်။

| | |
|---|---|
| ပုံမှန်ဘာသာရပ် | ဂျပန်ဘာသာ၊လူမှုရေး၊သခ်ၤာ၊အင်္ဂလိပ်စာစသည်ဖြင့်အလွန်အခြေခံကြသောဘာသာရပ်ဖြစ်ပါသည်။ သိပ္ပံနှင့်သခ်ၤာဘာသာရပ်ကိုအခြေခံကျကျအားဖြည့်သင်ကြားပေးသောကျောင်းများလည်းရှိပါသည်။အလယ်တန်းကျောင်းများတွင် လေ့လာသင်ယူခဲ့သောအခြေခံအနှစ်သာရကိုပိုမိုထိရောက်နားလည်သင်ယူလိုသူများအတွက်သင့်တော်ပါသည်။ |
